## ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါဆိုးကာလတစ်လျှောက်လုံး၌ရွတ်ဆိုပူဇော်ရန်ရဟန်းမင်းကြီးမှတိုက်တွန်းနိုး ဆော်ထားသောဆုတောင်းမေတ္တာနှစ်ပုဒ်

### ပထမတစ်ပုဒ်

အိုမာရီယာ၊ မယ်တော်သည်ကျွန်ုပ်တို့၏လမ်းခရီးတစ်လျှောက်၌ ကယ်တင်ခြင်းနှင့်မျှော်လင့်ခြင်းအမှတ်သ င်္ကေတ အဖြစ် အစဉ်လမ်းပြပေးလျက်ရှိပါသည်။ မယ်တော်အားကျွန်ုပ်တို့ကိုယ်ကိုအပ်နှံပါသည်။ အိုကျန်းမာခြင်း၏မယ်တော်၊ ယေဇူးသခင်၏ကားတိုင်တော်ခြေရင်း၌ပူဆွေးကြေကွဲစွာရှိခဲ့သူ၊ မယ် တော်သည်ယေဇူးသခင်၏ဝေဒနာကိုပူးပေါင်းခံစားခဲ့သည်။ ဒုက္ခများစွာခံစားခဲ့ရသော်လည်းယုံ ကြည်ခြင်း၌မြဲခိုင်ခဲ့

သည်။ ရောမမြို့သူ၊ မြို့သား (မြန်မာပြည်သူပြည်သား) တို့အားမှိုင်းမကာကွယ်ပေးသူ၊ မယ်တော်သည်ကျွန်ုပ်တို့၏လိုအပ်ချက်များကိုသိပါသည်။ ထိုလိုအပ်ချက်များကိုလည်း အမိမယ် တော်တောင်းခံပေးမည်ဟုလည်းသိပါသည်။ ဤသို့ဖြင့်ဂါလီလေယာနယ်၊ ကာနန်မြို့အဖြစ်အပျက်ကဲ့ သို့စပျစ်ရည်ပြန်လည်ရရှိလာသောကြောင့်မင်္ဂလာဆောင်ပွဲသည်ပူပင်မှုကင်း၍ ပျော်ရွှင်မှုပြန်လည်ရရှိ လာခဲ့သကဲ့သို့၊ ဤကပ်ရောဂါဆိုးကြီးလွန်မြောက်သွားသောအခါ၌လည်းရွှင်လန်းပျော်မြူးခြင်းပြန် လည်ရရှိလာစေတော်မူပါ။

အိုဘုရား၏မယ်တော်၊ ခမည်းတော်ဘုရား၏အလိုတော်၌ကျွန်ုပ်တို့ကိုပေါင်းစပ်နိုင်စေတော်မူပါ။ ယေဇူးစေခိုင်းသမျှကိုလုပ်ဆောင်နိုင်ရန်ကူညီတော်မူပါ။ အဘယ်ကြောင့်ဆိုသော်ယေဇူးသခင်သည် ကျွန်ုပ်တို့၏ဝေဒနာကိုသူကိုယ်တိုင်ထမ်းယူခဲ့ပြီး၊ ကျွန်ုပ်တို့၏ဒုက္ခဝန်ကိုသူကိုယ်တိုင်ထမ်းခဲ့သည်။ ဤကားတိုင်တော်အားဖြင့်ပျော်ရွှင်သောထမြောက်ခြင်းကိုခံစားရစေရန်ဖြစ်ပါသည်။ အာမင်

အိုဘုရား၏သန့်ရှင်းသောမယ်တော်၊ အမိမယ်တော်၏ အကာအကွယ်ကိုခံယူရန် အလျင်အမြန် ရောက်ရှိလာကြပါသည်။ လိုအပ်၍အသနားခံတောင်းလျှောက်သည်များကိုငြင်းပယ်တော်မမူပါနှင့်။ ကျွန်ုပ်တို့အားမကောင်းမှုဘေးရန်အပေါင်းတို့မှာကင်းဝေးစေတော်မူပါ၊ အိုဘုန်းဂုဏ်တော်နှင့်ပြည့် သောအမိမယ်တော် ….

## ဒုတိယတစ်ပုဒ်

အိုဘုရား၏သန့်ရှင်းသောမယ်တော်၊မယ်တော့်
အကာအကွယ်ကိုရယူရန်အလျင်အမြန်ရောက်ရှိလာကြပါသည်။ လက်ရှိကြုံတွေ့နေရ
သောကပ်ရောဂါဘေးဆိုးကြီးကျရောက်နေချိန်၊
ကမ္ဘာတစ်ဝှမ်းလုံးသည်ကပ်ရောဂါဘေးဆိုးကြီး၏သားကောင်နှင့်စိုးရိမ်စိတ်များကြီးဆိုးနေချိန်၌၊
ဘုရား၏ မယ်တော်လည်းဖြစ်ပြီး၊ ကျွန်ုပ်တို့၏မယ်တော် လည်းဖြစ်သော
အမိမယ်တော်ထံသို့ချဉ်းကပ်လာကာ မယ်တော်၏စောင့်ရှောက်ကာကွယ်မှုကိုရှာဖွေ
ရန်ရောက်ရှိလာပါသည်။

ကညာစင်မာရီယာ၊ ဤကိုရိုနာဗိုင်းရပ်စ်ဘေးဆိုးကြီးအလယ်တွင်ကူရာမဲ့ဖြစ်နေရသောကျွန်ုပ်တို့အားမယ်တော်၏သနားကြင်နာသောမျက်စိတော်ကိုလှည့်ကြည့်တော်မူပါ။ ဤရောဂါစွဲကပ်ခံစားပြီး၊ ကွယ်လွန်သွားကြသောမိမိတို့၏ဆွေမျိုးသားချင်းများအတွက်ဂမ်းနည်းပူဆွေးသူများကိုအားပေးနှစ်သိမ့်ပေးတော်မူပါ။ ပြင်းထန်သောငင်းတို့၏ခံစားကြေကွဲမှုများကိုသင်ပုန်းချေကုစားမေ့ပျောက်နိုင်စေတော်မူပါ။ ရောဂါခံစားနေရသောမိမိတို့၏ ဆွေမျိုး သားချင်းများအားပြုစုစောင့်ရှောက်နေသူများ၊ ရောဂါဆက်လက်မပျံ့ပွားရန်ရည်ရွယ်၍ငင်းတို့အနီးအပါးသို့မသွားရောက်နိုင်သူတို့၏အနီးအပါးတွင်ရှိနေပေးတော်မူပါ။ မရေရာသောအနာဂါတ်၊ ကပ်ရောဂါဆိုး ကြီးအလွန်တွင်ကြုံလာမည့်စီးပွားရေးမတည်ငြိမ်မှု၊ အလုပ်အကိုင်ခက်ခဲမှုများကြောင့်မျှော်လင့်ချက်ပျောက်လုနီးပါးဖြစ်နေသောသူများအားမျှော်လင့်ချက်များဖြင့်ဖြည့်တင်းပေးတော်မူပါ။

ဘုရား၏မယ်တော်လည်းဖြစ်ပြီး၊ ကျွန်ုပ်တို့၏မယ်တော် ကျွန်ုပ်တို့အဖို့သနားတတ်သောဖခင် ဖြစ်သောဘုရားသခင်ထံတောင်းလျှောက်ပေးတော်မူပါ။ ဤပြင်းထန်လှသောကပ်ရောဂါဘေးဆိုးကြီးအမြန်အဆုံးသတ်သွား၍ မျှော်လင့်ခြင်းနှင့်ငြိမ်းချမ်းခြင်းအာရုံဦးအသစ်အမြန်ဆုံးရောက်ရှိလာစေတော်မူပါ။ ကာနန်မြို့လက်ထပ်ပွဲ၌အမိမယ်တော် ၏သားတော်အားလျှောက်တင်ခဲ့သကဲ့သို့ ယခုလည်းမယ်တော်၏ သားတော်ထံလျှောက်တင်ပေးတော်မူပါ။
ဤရောဂါကပ်ဆိုးကြီးကူးစက်ခံစားရသောမိသားစုများ၊
ရောဂါခံစားနေရသူများသည်နှစ်သိမ့်ခြင်းကောင်းကြီးခံစားရစေတော်မူပါ။ ငင်းတို့၏စိတ်နှလုံးသည်
လည်းယုံကြည်မှုနှင့်အားကိုးမှုကိုခံယူရန်အသင့်ပွင့်နေစေတော်မူပါ။

ယခုကဲ့သို့အရေးပေါ်ကာလ၌ ရှေ့တန်းမှနေ၍မိမိတို့၏အသက်ကိုပင်မငဲ့ဘဲ ရောဂါခံစားနေရ
သောလူနာများ၏အသက်ကိုကယ်တင်နိုင်ရန်၊ လူနာများကိုအနီးကပ်စောင့်ရှောက်ကုသပေးနေကြ

သောဆရာဝန်များ၊ သူနာပြုများ၊ ကျန်း မာရေးဝန်ထမ်းများ၊ လူမှုဝန်ထမ်းလုပ်သားကြီးများအားကာကွယ်ပေးတော်မူပါ။ ကိုယ်ကျိုးမငဲ့သောသူရဲကောင်းထုံးကိုနှလုံးမူလုပ်ဆောင်နေကြသောငင်းတို့၏လုပ်ဆောင်ချက်များကိုထောက်ပင့်မစပေးတော်မူပါ။ ၄င်းတို့အားလိုအပ်သောကာယအင်အား၊ ရက်ရောမှု၊ ကျန်းမာသန်စွမ်းခြင်းကောင်းကြီးများကိုပေးသနားတော်မူပါ။

ရောဂါခံစားနေရသောသူများအားနေ့မအား၊ ညမနားအနီးကပ်ပြုစုနေရသူများ၊ ဧဝေဂေလိတရားတော်လာကျင့်စဉ်အတိုင်း လူနာတို့၏ ဝိညာဉ်ရေးဝတ္တရားများကိုဖြည့်ဆည်းပေးရန်၊ အကူအညီလိုအပ်သူများကိုအားပေးနှစ်သိမ့်ရန် လူနာများနှင့်တွေ့ဆုံသွားလာနေရသောရဟန်းတော်များ၏အနီးအပါး၌ရှိနေပေးတော်မူပါ။

ကျေးဇူးတော်နှင့်ပြည့်သောမယ်တော်၊ ဤရောဂါကိုကာကွယ်ပေးနိုင်သော ဆေးဝါးများတီထွင်ဖော်စပ်နိုင်ရန်သုတေသနများပြုလုပ်နေကြသော သိပ္ပံအတတ်ပညာရှင်နှင့်အတတ်ပညာရှင်များအားလုံးတို့ကို ကောင်းကြီးပေးတော်မူပါ။
၄င်းတို့၏သုတေသနလုပ်ငန်းများမှဤရောဂါပိုးကိုကာကွယ်ကုသပျောက်ကင်းနိုင်သောအစွမ်းထက်သည့်ဆေးဝါးများအမြန်ဆုံးတီထွင်ဖော်စပ်နိုင်စေတော်မူပါ။

နိုင်ငံ့ခေါင်းဆောင်များကိုလည်း ကောင်းကြီးပေး၍ ဉာဏ်အမြော်အမြင်ကြီးစွာဖြင့် အခြေခံလိုအပ်ချက်များကိုလည်းဖြည့်ဆည်းပံ့ပိုးပေးနိုင်သကဲ့သို့၊ မိမိတို့ပြည်သူများကြုံလာနိုင်ဖွယ်ရှိသော လူမှုရေး၊ စီးပွားရေးအခက်အခဲများကိုလည်း ရေတို၊ ရေရှည်အမြင်များစွာဖြင့်ပူးပေါင်းလုပ်ဆောင်သင့်သောသူများနှင့်ပူးပေါင်း၍ကြိုတင်ပြင်ဆင်ထားနိုင်စေတော်မူပါ။

အလွန်သန့်ရှင်းစင်ကြယ်တော်မူသောမယ်တော်၊ ကျွန်ုပ်တို့၏ဩတ္တပ္ပစိတ်ကိုနိုးထလာစေတော်မူ ပါ။
စစ်လက်နက်များထုတ်လုပ်ရောင်းချ၍အမြတ်အစွန်းများရယူခြင်း၊
ဝယ်ယူခြင်းဖြင့်နိုင်ငံ့ဘဏ္ဍာကိုမလိုအပ်ဘဲဖြုန်းတီးနေသည့်အသိများရရှိလာစေတော်မူပါ။
စစ်လက်နက်များဝယ်ယူစုဆောင်းခြင်း ဖြင့်
စစ်မီးများပိုမိုတောက်လောင်လာစေရုံသာရှိသည်ကိုသိရှိလာစေလျှက်၊ ထိုစစ်မီး၏အနိဋ္ဌာရုံကိုအနာဂါတ်၌အဘယ်သို့လျော့နည်းပပျောက်သွားအောင်လုပ်ဆောင်မည့်နည်းများကိုလည်းတွေးတောလုပ်ဆောင်တတ်စေတော်မူပါ။

ချစ်ဖွယ်သောမယ်တော်၊ ကျွန်ုပ်တို့သည်အလွန်ကြီးမားသောမိသားစုကြီးတစ်စု၏မိသားစုဝင်များဖြစ်သည်ကိုသိရှိလာစေတော်မူပါ။ ကျွန်ုပ်တို့၏သွေးတော်သားစပ်ခြင်းကိုလည်းအသိရှိစေတော်မူ ပါ။ ညီအစ်ကိုရင်းစိတ်ဓာတ်၊ အတူမျှ ဝေခံထမ်းသည့်စိတ်ဓာတ်ဖြင့်ဂန်ပိနေသောချို့တွဲ့မှု၊ ဆင်းရဲမွဲတေမှုကိုပေါ့ပါးလျော့ကျသွားအောင်လုပ်ဆောင်နိုင်ကြမည်ဖြစ်သည်။ ယုံကြည်ခြင်း၌အားကောင်းလာစေတော်မူပါ။ အစေခံခြင်း၌ဖွဲ့အားထက်သန်စေတော်မူပါ။ ဆုတောင်းခြင်း၌တည်ကြည်ခိုင်မြဲစေတော်မူပါ။

အိုမာရိယာ၊ နွမ်းယိညှိုးငယ်သူတို့၏နှစ်သိမ့်ရာ၊ အတိဒုက္ခအမျိုးမျိုးသင့်ရောက်နေသောမယ်တော့်သားသမီးတို့ကိုထွေးပိုက်တော်မူပါ။ ဘုရားသခင်သည်သူ၏အားကြီးသောလက်တော်ကိုဆန့်တန်းလျှက်ဤလက်ရှိကြုံတွေ့ခံစားနေရသောရောဂါကပ်ဆိုးကြီးမှအမြန်ဆုံးကင်းဝေးငြိမ်းစေရန်ထပ်ဆင့်ဆုတောင်းပေးတော်မူပါ။ ဤသို့ဖြင့်ဘဝသည်တည်ငြိမ်အေးချမ်းစွာဖြင့်ပုံမှန်အခြေအနေသို့ပြန်လည်ရောက်ရှိသွားပါလိမ့်မည်။

ကျွန်ုပ်တို့၏လမ်းခရီး၌ကယ်တင်ခြင်းနှင့်မျှော်လင့်ခြင်းအဖြစ်ထွန်းလင်းတောက်ပလျှက်ရှိသောအသင်အား ကျွန်ုပ်တို့ကိုယ်ကိုအပ်နှံပါသည်။ အိုသနားတတ်သော၊ အိုချစ်ဖွယ်သော၊ အိုချိုမြိန်သော

ကညာမာရီယာ …. အာမင်

**ရေးသားပေးပို့သောနေရာ -**

**စိန့်ဂျွန်းလာထရဲန်၊ ရောမမြို့၊**

**နေ့စွဲ - ဧပြီလ၊ (၂၅၊ ၂၀၂၀)**

**ဘာသာပြန် ဖာသာရ်ကလဲမင့်အားတယ်**